# ပြည်တွင်းပြည်ပအဝင်အထွက်နှင့် လူဝင်မှုကြီးကြပ်ရေးဥပဒေ စနစ်သစ်အတွက် ရှင်းလင်းဖော်ပြချက်

၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ရက်နေ့မှ စတင်၍ အကောင်အထည်ဖော်မည်။

## အိမ်ထောင်စုစာရင်းမရှိသည့် နိုင်ငံသားများအတွက် ဝင်ခွင့်လိုအပ်ချက်များကို လျှော့ပေါ့ပေးနေပါပြီ။

ကျွန်ုပ်တို့ နိုင်ငံ၏ ချစ်ပ်ပြားပါဝင်သော နိုင်ငံကူးလက်မှတ်ကို ကိုင်ဆောင်ထားကြသော အိမ်ထောင်စုစာရင်းမရှိသည့် နိုင်ငံသားများနှင့် အသွားအပြန် သို့မဟုတ် နောက်တစ်နေရာသွားမည်ကို ဖော်ပြထားသော လေယာဉ်(သင်္ဘော)လက်မှတ် ကိုင်ဆောင်ထားသူများ ပြည်တွင်းဝင်ရောက်ခွင့်ကို လျှောက်ထားရန် မလိုပါ (စည်းကမ်းဖောက်ဖျက်မှုကြောင့် ပြည်တွင်းဝင်ရောက်ခွင့် မပြုရန် တားမြစ်ထားသူများသည် ထိန်းချုပ်မှုကာလအတွင်း အကျုံးဝင်မည် မဟုတ်ပါ။)

### မှတ်ချက်

- ကျွန်ုပ်တို့ နိုင်ငံ၏ ချစ်ပ်ပြားပါဝင်သော နိုင်ငံကူးလက်မှတ်ကို ကိုင်ဆောင်ထားကြသော အိမ်ထောင်စုစာရင်းမရှိသည့် နိုင်ငံသားများ ပြည်တွင်းသို့ ဝင်ရောက်ချိန်တွင် လူဝင်မှုကြီးကြပ်ရေးဌာနတွင် ယာယီပြည်တွင်းဝင်ရောက်ခွင့်လက်မှတ်ကို လျှောက်ထားနိုင်ပါသည်။
- အိမ်ထောင်စုစာရင်းမရှိသည့်နိုင်ငံသားများသည် ပြည်ပရှိ ကျွန်ုပ်တို့နိုင်ငံ ကိုယ်စားလှယ်ရုံးခန်းများတွင် ယာယီပြည်ဝင်ခွင့်လက်မှတ်ကို သွားရောက်လျှောက်ထားနိုင်ပြီး အဆိုပါလက်မှတ်ကို ကိုင်ဆောင်ပြီး ပြည်တွင်းသို့ ဝင်ရောက်နိုင်သည်။








緬甸文

# အိမ်ထောင်စုစာရင်းမရှိသည့်နိုင်ငံသားများသည် အထူးအခြေအနေတွင် နေထိုင်ခွင့်သက်တမ်းတိုးခြင်းများကို လျှော့ပေါ့ပေးနေပါပြီ။

အိမ်ထောင်စုစာရင်းမရှိသည့်နိုင်ငံသားများသည် ထိုင်ဝမ်တွင် မိသားစုဆွေမျိုးသားချင်းတစ်ဦးမှ အပြင်းဖျားခြင်း သို့မဟုတ် ဒဏ်ရာပြင်းပြင်းထန်ထန် ရရှိခြင်းတို့ကြောင့် ထိုင်ဝမ်တွင် ဆေးကုသမှုကို ခံယူရန် လိုအပ်လာပါက "အဆိုပါ အိမ်ထောင်စုစာရင်းမရှိသည့် နိုင်ငံသားများ ထိုင်ဝမ်တွင် နေထိုင်ခွင့်ရှိသည့် ကာလကို ချုံ့မည်မဟုတ်ပါ။




# အိမ်ထောင်စုစာရင်းမရှိသည့် နိုင်ငံသားများ နေထိုင်ခွင့်လျှောက်ထားရန် ကန့်သတ်ချက်များကို လျှော့ပေါ့ပေးနေပါပြီ။

- နိုင်ငံသားအနေဖြင့် အရွယ်မရောက်သေးသည့် အိမ်ထောင်စုစာရင်းမရှိသည့် နိုင်ငံသားကို မွေးစားပါက မွေးစားခံရသူသည် အိမ်ထောင်စုစာရင်း မရှိသေးသည့် နေထိုင်ခွင့်ကို လျှောက်ထားနိုင်ပါသည်။
- အိမ်ထောင်စုစာရင်းမရှိသည့် နိုင်ငံသားများသည် မူလတွင် တရားဝင် ၇ နှစ်အထက် နေထိုင်ရန် လိုအပ်သည်ကို တရားဝင် ၅ နှစ်အထက်သာ နေထိုင်ရန် လိုအပ်သည်အဖြစ် ပြောင်းလဲပြီး တစ်နှစ်တွင် ၁၈၃ ရက်အထက် နေထိုင်ရုံဖြင့် နေထိုင်ခွင့်ကို လျှောက်ထားနိုင်ပြီ ဖြစ်သည်။



# အိမ်ထောင်စုစာရင်းမရှိသည့် နိုင်ငံသားများသည် အခြေချနေထိုင်ခွင့်လျှောက်ထားရန် ကန့်သတ်ချက်များကို လျှော့ပေါ့ပေးနေပါပြီ။

- အိမ်ထောင်စုစာရင်းမရှိသည့် နိုင်ငံသားများသည် မူလတွင် အခြေချနေထိုင်ခြင်းသည် ၁ နှစ် (၃၆၅ ရက်) အထိ ရှိရန် လိုအပ်သည်ကို အခြေချနေထိုင်ရန်အတွက် တစ်နှစ်ပြည့်ပြီးရက်ပေါင်း ၃၃၅ရက်အထက် နေထိုင်ရုံဖြင့် အခြေချနေထိုင်ခွင့်ကို လျှောက်ထားနိုင်ပြီ ဖြစ်သည်။
- အိမ်ထောင်စုစာရင်းမရှိသည့် နိုင်ငံသားကို နိုင်ငံရပ်ခြားတွင် မွေးဖွားပြီး မွေးဖွားချိန်တွင် အဖေ သို့မဟုတ် အမေတစ်ဦးဦးသည် အိမ်ထောင်စုစာရင်းဝင်ထားသည့် နိုင်ငံသားဖြစ်ပါက ကျွန်ုပ်တို့နိုင်ငငံကူးလက်မှတ် (၁၈နှစ်အောက်အသက်အရွယ်မပြည့်သေးသူဖြစ်ပါက နိုင်ငံခြားနိုင်ငံကူးလက်မှတ်ကို ကိုင်ဆောင်ပြီး) ပြည်တွင်းသို့ ဝင်ရောက်နှင်သည်။ ပြည်တွင်းသို့ ဝင်ရောက်ချိန်တွင် အခြေချနေထိုင်ခွင့် ကို လျှောက်ထားနိုင်သည်။
- ပြည်တွင်းတွင် မွေးဖွားပြီး မွေးစာရင်းမှတ်တမ်းကို မရရှိသေးချိန်တွင် နိုင်ငံခြားသို့ ထွက်ခွာသွားသော အိမ်ထောင်စုစာရင်းမရှိသည့် နိုင်ငံသားများသည် ပြည်တွင်းသို့ ဝင်ရောက်ချိန်တွင် နေထိုင်ခွင့် သို့မဟုတ် အခြေချနေထိုင်ခွင့် ကို လျှောက်ထားနိုင်သည်။



## ဘွဲ့ရရှိပြီးနောက် အိမ်ထောင်စုစာရင်းမရှိသည့် တရုတ်နွယ်ဖွားကျောင်းသားများ နေထိုင်ခွင့်လျှောက်ထားရန် ကန့်သတ်ချက်များကို လျှော့ပေါ့ပေးနေပါပြီ။

တရုတ်နွယ်ဖွားကျောင်းသားများ ဘွဲ့ရရှိပြီးနောက် နေထိုင်ခွင့် ၁ နှစ်ကို သက်တမ်းတိုး လျှောက်ထားရန် လိုအပ်ချိန်တွင် နေထိုင်ခွင့်သက်တမ်းတိုးရန်ကို ၁ ကြိမ် လျှောက်ထားနိုင်ပြီး နေထိုင်ခွင့်သက်တမ်းကာလမှာ စုစုပေါင်း အ်ကြာဆုံး ၂ နှစ် ဖြစ်သည်။

## နိုင်ငံခြားကျောင်းသားများအတွက် နေထိုင်ခွင့်စည်းမျဉ်းများကို လျှော့ပေါ့ပေးနေပါပြီ။

နိုင်ငံခြားသားကျောင်းသားများ ပြည်ပနွယ်ဖွားများနေထိုင်ခွင့်ကတ်ပြား သက်တမ်းရှိကာလသည် အ်ကြာဆုံး ၁ နှစ်မှ အ်ကြာဆုံး ၃ နှစ်အထိ လျှော့ပေါ့ပေးပြီး ထိုင်ဝမ်တွင် ပညာဆည်းပူးနေသော နိုင်ငံခြားကျောင်းသားများ တက္ကသိုလ်ဘွဲ့ရရှိပြီးနောက် နေထိုင်ခွင့် ၁ နှစ်တိုးရန် လျှောက်ထားနိုင်ပြီး လိုအပ်ချိန်တွင် နေထိုင်ခွင့် ၁ နှစ် ဆက်လက်လျှောက်ထားနိုင်သည်။ နေထိုင်ခွင့်သက်တမ်းကာလမှာ စုစုပေါင်း အကြာဆုံး ၂ နှစ် ဖြစ်သည်။





# နိုင်ငံခြား အိမ်ထောင်ဖက်များအတွက် နေထိုင်ခွင့်စည်းမျဉ်းများကို ပြင်ဆင်သတ်မှတ်ခဲ့သည်။

- ခင်ပွန်းဇနီးဆုံးပါးသွားသည့် နိုင်ငံခြားသားအိမ်ထောင်ဖက် သို့မဟုတ် ထိုင်ဝမ်တွင် တရားဝင်နေထိုင်ခဲ့သည့် နိုင်ငံခြားသားအိမ်ထောင်ဖက်ဖြစ်ပါကကျွန်ုပ်တို့နိုင်ငံရှိ အိမ်ထောင်စုစာရင်းရှိသည့် အရွယ်မရောက်သေးသည့် သားသမီးငယ်များကို အုပ်ထိန်းခြင်း သို့မဟုတ် မျက်နှာချင်းဆိုင် ဆွေးနွေးတိုင်ပင်ရန်အခြေအနေရှိခြင်းတို့နှင့် ပတ်သက်၍ သင့်လျော်သောရပ်နားခွင့်ဗီဇာဖြင့် ထိုင်ဝမ်သို့ဝင်ရောက်နေထိုင်ခွင့်ရှိပြီးနေထိုင်ခွင့်ကိုလည်း လျှောက်ထားနိုင်သည်။
- နိုင်ငံခြားသားအိမ်ထောင်ဖက်သည် အိမ်တွင်းအကြမ်းဖက်မှုကြောင့် ကွာရှင်းပြတ်စဲခဲ့ခြင်းဖြစ်ပါက အရွယ်မရောက်သေးသည့် သားသမီးငယ်များ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ထပ်မံအိမ်ထောင်ပြုခြင်းမရှိသူဖြစ်ပါက ဆက်လက်နေထိုင်ခွင့်ရှိသည်ဖြစ်သည်။ နိုင်ငံခြားသားအိမ်ထောင်ဖက်သည် ကွာရှင်းပြတ်စဲပြီးနောက် အိမ်ထောင်စုစားရင်းသွင်းထားသော အရွယ်မရောက်သေးသည့် ကလေးသူငယ်များကို အုပ်ထိန်းခွင့်၊ သူတို့၏ အခွင့်အရေးနှင့် တာဝန်များမတွက် မျက်နှာချင်းဆိုင် ဖြေရှင်းရန်လိုအပ်ချက်တို့အတွက် ဆက်လက်နေထိုင်ခွင့်ရှိသည်။



## နိုင်ငံခြားသားအထူးကျွမ်းကျင်ပညာရှင်များ၏ အိမ်ထောင်ဖက်နှင့် သားသမီးများပါအတူတကွ လိုက်ပါနေထိုင်ခွင့်ကို ပေါင်းစည်းထည့်သွင်းထားသည်။

ကျွန်ုပ်တို့နိုင်ငံအတွက် အထူးပံ့ပိုး ကူညီမှုများ ပြုလုပ်ပေးခဲ့ကြသော ကျွမ်းကျင်ပညာရှင်များ၊ မိမိတို့၏ ကျွမ်းကျင်နယ်ပယ်အသီးသီးတွင် ပထမဆုရရှိခဲ့သူများသည် လျှောက်ထားသူများဖြစ်ပါက သူတို့၏ အိမ်ထောင်ဖက်၊ ၁၈ နှစ် မပြည့်သေးသည့် ကလေးသူငယ်၊ စိတ်ပိုင်းဆိုင်ရာ၊ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအားနည်းသည့် ကလေးသူငယ်များပါ အတူတကွ လိုက်ပါနေထိုင်ခွင့်ကို လျှောက်ထားနိုင်သည်။



## ပြည်ပနိုင်ငံသားများ ဆက်လက်နေထိုင်ခွင့်ကာလကို သက်တမ်းတိုးရာတွင် လျှော့ပေါ့ပေးနေပါပြီ။

နိုင်ငံခြားသားများ နေထိုင်ခွင့်သက်တမ်းကို တိုးရန် လျှောက်ထားရာတွင် နေထိုင်ခွင့်သက်တမ်း မကုန်ဆုံးမီ ၃၀ ရက်တွင်းလျှောက်ထားရာမှ ၃ လအတွင်း လျှောက်ထားနိုင်သည့်အခြေအနေအဖြစ် လျှော့ပေါ့ပေးနေပါပြီ။



# ရှေ့နေရှေ့မှောက်တွင် လုပ်ပိုင်ခွင့်ထုံးတမ်းစဥ်လာများကို ထည့်သွင်းခဲ့သည်။



နိုင်ငံခြားသားများ၊ အိမ်ထောင်စုစာရင်းမရှိသည့်နိုင်ငံသားများ၊ တရုတ်ပြည်မကြီး၊ ဟောင်ကောင်၊ မကာအိုဒေသတို့မှ ပြည်သူများ ပြည်တွင်းဝင်ရောက်ခွင့်ကို စစ်ဆေးပြီးနောက် <u>လူဝင်မှုကြီးကြပ်ရေးဌာနသို့ လူတွေ့စစ်ဆေးရန်အတွက် ရှေ့နောက်တို့မှတဆင့် ဥပဒေနှင့်အညီ လုပ်ဆောင်ပိုင်ခွင့်ရှိသည်။</u>

ပိုမိုသိရှိလိုပါက ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ လူဝင်မှုကြီးကြပ်ရေးဌာန မှ ကမ္ဘာလုံးဆိုင်ရာအချက်အလက်ဝဘ်ဆိုက်သို့ သွားရောက်ဖတ်ရှုလေ့လာပါ။

ပြည်ထဲရေးဝန်ကြီးဌာန နှင့် လူဝင်မှုကြီးကြပ်ရေးဌာနမှ သင့်ကို ဂရုစိုက်လျက်ရှိသည်။